

ဗိုလ်ချုပ်အောင်ဆန်း၏
ညာလက်ရုံး

# ဗိုလ်မှူးကြီးဗထူး

မောင်လေးတင့်

# ကျေးဇူးစကား

ကြာတော့ ကြာလှပါပြီ။ ငွေရတုကာလတစ်ခု ကျော်လွန်ခဲ့ပြီဖြစ်၍ ကြာလှပြီဟု ဆိုရခြင်း ဖြစ်ပါသည် ။ မြန်မာတစ်နိုင်ငံလုံး မြို့ကြီးအားလုံး လိုလိုတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ရုပ်တုကို စိုက်ထူကြရန် ကြိုးပမ်းကြရသည့် ကာလကို မှတ်မိကြပါလိမ့်မည် ။ ထားဝယ် ဒေသအဖို့ အခြားဒေသများ နှင့် မတူ။ ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးရုပ်တု အပြင် တစ်ချိန်တည်းတွင် ဗိုလ်မှူးကြီးဗထူးရုပ်တုကိုပါ စိုက်ထူရဖို့ ဖြစ်လာသည် ။ ရုပ်တုများ ထုလုပ်စိုက်ထူရေးအတွက် ရန်ပုံငွေ အဆင်သင့်၊ ရုပ်တုများ အကောင်းဆုံး လက်ရာမြောက်ဖြစ်ရေးအတွက် ထားဝယ်သား နိုင်ငံကျော်ပန်းပုပညာရှင်ဆရာကြီးဦးဟန်တင် အဆင်သင့်ရှိနေခဲ့သည် ။

ဗိုလ်မှူးကြီး ဗထူးရုပ်တု စိုက်ထူရန် နေရာရွေးကြရာမှာ တော့ အချိန်ယူစဉ်းစားကြရသည် ။ လက်တွေ့ကွင်းဆင်းလေ့လာကြရသည် ။ ယခု စိုက်ထူးထားသော နေရာသည် ထားဝယ်မြို့နှင့် ပတ်ဝန်းကျင်ဒေသများသို့ လာရောက်ကြသည့် ခရီးသွားဧည့်သည် များ အများ ဆုံးတွေ့မြင်နိုင်သော နေရာပင်ဖြစ်သည် ။ ထိုစဉ်က ဗိုလ်မှူးကြီးဗထူးရုပ်တုဖွင့်ပွဲ အခမ်းအနား တွင် ဗိုလ်မှူးကြီးဗထူး၏ အတ္ထုပ္ပတ္တိ(အကျဉ်း)ကို ထုတ်ဝေဖြန့်ချိရန် ရည်ရွယ်ရင်းရှိခဲ့သော်လည်း အကောင်အထည်မဖော်နိုင်ခဲ့ပေ ။ ဗိုလ်မှူးကြီး ဗထူးနိုင်ငံနှင့် ပြည်သူလူထုအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ သည် နှစ်ကာလ အတန်ကြာမျှ မေ့လျော့ခံခဲ့ရသည် ဟု ဆိုနိုင်

ပါသည် ။

ဗိုလ်မှူးကြီးဗထူး ရာပြည့်ကာလ ၂၀၁၆ ခုနှစ်တွင် ကား ဗိုလ်မှူး ကြီး ဗထူးနှင့် ပတ်သက်ဆက်နွှယ်သော စာအုပ်စာတမ်းများ ပလူပျံသလို ထွက်ပေါ်လာခဲ့သည် ။ အဟောင်းပြန်ထုတ်များ ပါသလို ပထမနှိပ်ခြင်းများ လည်း ပါသည် ကို တွေ့ရသည် ။ ကောင်းလေစွ၊ ကောင်းလေစွ၊ ပတ္တမြား မှန်လျှင် နွံတွင် နစ်သော်လည်း မညစ်ဟူသော ဆိုရိုးရှိသည် မဟုတ်ပါလား။

ယခု ဤစာရေးသူသည် အသက် ၈၈ နှစ်ကျော်နေပါပြီ။ တစ်သက်တွင် တစ်ခါဆိုသလို မိမိဖတ်ရှုလေ့လာ မှတ်သားခဲ့သော စာအုပ်စာတမ်းများမှ ဗိုလ်မှူးကြီးဗထူးနှင့် ပတ်သက်သော အကြောင်းအရာ အချက်အလက်များကို ရွေးနှုတ်စုစည်း၍ ဗိုလ်မှူးကြီးဗထူးအား အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ညာလက်ရုံးအဖြစ် ဖော်ဆောင် ဂုဏ်ပြုခွင့်ရပါသည် ။ ယင်းအတွက် စာရေးဆရာ စာပေပညာရှင်များ အားလုံးကို ကျေးဇူးဥပကာရတင်ရှိပါကြောင်း ဖော်ပြလိုပါသည် ။

ထို့အပြင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ညာလက်ရုံး ဗိုလ်မှူးကြီးဗထူး၊ ထားဝယ်ကို မမေ့သော ဗိုလ်မှူးကြီးဗထူး ဂုဏ်ပြုစာတမ်းကို စာအုပ်တစ်အုပ်ဖြစ်အောင် ရုပ်လုံးဖော်ပေးခဲ့သော ထားဝယ်ကို မမေ့သည့် ပါရမီစာပေမှ ထားဝယ်သား ဆရာကျော်ဦးအား လည်း ကျေးဇူးစကားပြောကြားဖို့ မမေ့ပါကြောင်း ဖော်ပြလိုပါသည် ။

မောင်လေးတင့်

၉-၄-၁၇

*

## ထုတ်ဝေသူ၏ အမှာ စာ

ကျွန်တော်သည် ထားဝယ်နှင့် ဆက်စပ်နေသော အကြောင်းအရာပါ စာအုပ်များကို ထုတ်ဝေခြင်းဖြင့် မွေးရပ်မြေကို မိမိစွမ်းနိုင်သမျှ ကျေးဇူး ဆပ်ခဲ့ရာ ယခု စာအုပ်သည် စတုတ္ထမြောက်စာအုပ် ဖြစ်ပါသည် ။

ဗိုလ်မှူးကြီးဗထူးသည် ထားဝယ်သားများ ထဲတွင် နိုင်ငံ့ဂုဏ်ကို အ ဆောင်နိုင်ဆုံး ပုဂ္ဂိုလ်တစ်ဦးဖြစ်၍ ဤစာအုပ်ကို ထုတ်ဝေခွင့်ရခြင်း သ ည် ကျွန်တော့အတွက် အလွန်ကြီးမားသော ဆုလာဘ်ဟု ခံယူပါသည် ။ ပို၍ ဝမ်းမြောက်ဂုဏ်ယူရသည် မှာ ဗိုလ်မှူးကြီးဗထူး မွေးဖွားသော လောင်းလုံးမြို့နယ် လေးသွန်းခံရွာသည် ကျွန်တော်၏ ဘိုးဘွားမိဘများ စစ်အတွင်း က ခိုလှုံနေထိုင်ခဲ့ရာအရပ်ဖြစ်၍ ကျွန်တော့အပေါ် သွယ်ဝို က်၍ ကျေးဇူး ပြုခဲ့သောရွာ ဖြစ်ရာ ဤစာအုပ်ကြောင့် ထပ်ဆင့် ပီတိ ဖြ စ်ရပါသည် ။

ဤစာအုပ်အပါအဝင် ထားဝယ်ဆိုင်ရာစာအုပ်များကို ရေးသားကာ ထုတ်ဝေခွင့်ပြုခဲ့သည့် ဆရာမောင်လေးတင့်ကို ကျေးဇူးတင်ရှိပါ သည် ။

**ကျော်ဦး**

*

## ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗိုလ်မှူးကြီးဗထူး

ဗြိတိသျှနှင့် မဟာမိတ်တပ်များ သည် ၁၉၄၅ ခု မေလ ၃ ရက်နေ့တွင် မြန်မာပြည်တွင်းသို့ဝင်ရောက် လာပြီး C. A. S (B) ခေါ် မြို့ပြ အုပ်ချုပ်ရေးအဖွဲ့ Civil Affairs Service (Burma) အမည်တပ်ထားသော ဗြိတိသျှစစ်အုပ်ချုပ်ရေးအဖွဲ့ဖြင့် မြန်မာတစ်နိုင်ငံလုံးကို စတင် အုပ်ချုပ်ခဲ့ သည်။ ယင်းသို့ ဗြိတိသျှနယ်ချဲ့အစိုးရတစ်ကျော့ပြန်ကျွန်ပြုရေးအတွက် မြန်မာနိုင်ငံတွင်းသို့ ပြန်အဝင်တွင် ထိုအချိန်က ဖက်ဆစ်တော်လှန်ရေး ကြီးအောင်ပွဲခံအပြီး နယ်ချဲ့နှင့် ဖက်ဆစ်တော်လှန်ရေး အင်အားစုသည် နယ်ချဲ့ဗြိတိသျှတို့ ကို ဆက်လက်တိုက်ပွဲဝင်ရန် အသင့်အနေအထားတွင် ရှိနေပေသည်။

တစ်ကျော့ပြန် ဗြိတိသျှနယ်ချဲ့အစိုးရသည် ၁၉၄၅ ခု မေလ ၁၇ ရက်နေ့တွင် စက္ကူဖြူစာတမ်း (သို့မဟုတ်) စက္ကူဖြူစီမံကိန်းကို ထုတ် ပြန်ခဲ့သည်။ စက္ကူဖြူစီမံကိန်း၏ အနှစ်ချုပ်မှာ မြန်မာနိုင်ငံအား ဗြိတိသျှ နယ်ချဲ့တို့ ဆက်လက်ကျွန်ပြုရေး၊ ဗြိတိသျှအရင်းရှင်ကြီးများ စနစ်တကျ ပြန်လည် လက်ဝါးကြီးအုပ် အမြတ်ထုတ်နိုင်ရေးနှင့် မြန်မာပြည်မနှင့် တောင်တန်းဒေသတိုင်းရင်းသား လူမျိုးစုများအား သွေးခွဲချန်လှပ်အုပ်ချုပ် ရေးများ ဖြစ်ပေသည်။

### ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းထဲမှ ဗိုလ်မှူးကြီးဗထူး

ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ကြီး (ဖတ ပလ)

အနေနှင့် ဗြိတိသျှအစိုးရ၏ စက္ကူဖြူစီမံကိန်းကို လုံးဝ လက်ခံနိုင်ခြင်း မရှိချေ။ ၁၉၄၅ ခု ဩဂုတ်လ ၁၉ ရက်နေ့တွင် ဖတပလအဖွဲ့ချုပ်က ကြီးမှူး၍ ဖက်ဆစ်တော်လှန်ရေးနှင့် လွတ်လပ်ရေးဆန္ဒပြလူထုအင်အားပြ အစည်းအဝေးကြီးကို ရန်ကုန်မြို့ ဗဟန်းနှင့် ကန်တော်ကြီးကြားရှိ နေသူရိန် ဇာတ်ရုံကြီးတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည် ။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် ထို အစည်းအဝေးကြီးတွင် သဘာပတိအဖြစ် ဆောင်ရွက်ပြီး ဖက်ဆစ်တော် လှန်ရေးအကြောင်းနှင့် တိုင်းပြည်လွတ်လပ်ရေးအတွက် ပြည်သူလူထုကြီးကို နှိုးဆော်သော မိန့်ခွန်းကို ပြောကြားခဲ့သည် ။ ယင်းမိန့်ခွန်းတွင် ဖက်ဆစ် တော်လှန်ရေး၌ ဗိုလ်မှူးဗထူး၏ သူမတူအောင် မြင့်မားသော စွမ်းဆောင် ရည်များကို အထူးအလေးထားချီးကျူးဂုဏ်ပြုဖော်ထုတ်ထားသည် ကို တွေ့ရပါသည် ။ ကောက်နုတ်တင်ပြပါမည်။

ဒါဖြင့်ဒီအဖွဲ့ချုပ်ကြီး(ဖတပလ)ဟာ ဘာလုပ်ခဲ့သလဲ။ အိန္ဒိယပြည်၊ တရုတ်ပြည်မှာ ရှိတဲ့ တချို့ မျိုးချစ်လူငယ်တွေနဲ့ ကျွန်တော်တို့ အဆက်ရပြီး မဟာမိတ်တွေနဲ့ အဆက်ရနိုင်သမျှ ရအောင်လုပ်တယ်၊ ပြီးတော့ ဘာနိုင်ငံခြားအဆက်မှ မရရ-ရရ ဂျပန်ဖက်ဆစ်များကို အမြန်ဆုံးတိုက်နိုင်အောင် စီမံစိုင်းပြင်းခဲ့တယ်။ နောက်ဆုံး မတ်လ ၂၇ ရက် ကစပြီး တစ်ပြည်လုံးမှာ ကျုပ်တို့ တပ်မတော်က ကြီးမှူးပြီး ဂျပန်ကို တော်လှန်ခဲ့တယ်။

နောက် အထက်ဗမာပြည် မန္တလေးတစ်ဝိုက်မှာ ကွယ်လွန်သွားတဲ့ ဗိုလ်မှူးကြီးဗထူး ကြီးမှူးပြီး ကျုပ်တို့ တပ်မတော်က ဂျပန်ကို တိုက်ခဲ့တယ်။ ဗိုလ်မှူးကြီးဗထူး တိုက်ပေးတဲ့ အတွက် မန္တလေးတိုက်ပွဲဟာ လျင်မြန်စွာ အောင်မြင်ရတယ်ဆိုတာကို ဟိုတုန်းက ဗမာပြည်တိုက်ခိုက်ရေးကို

ကြီးမှူး အုပ်ချုပ်ရတဲ့ မဟာမိတ်တပ်မတော် အမှတ် ၁၄ တပ်မှူး လက်ဖတင်နင်ဂျင်နရယ် ဆာဝီလီယံဆလင်းကိုယ်တိုင် ရေဒီယိုက ချီးကျူး စကားပြောခဲ့တယ်။

နောက်ကိုလည်း ဗိုလ်မှူးကြီးဗထူးဟာ မြို့တွေ ရွာတွေ အမြောက်အမြားသိမ်းပြီး ရှမ်းပြည်ဘက် တက်တိုက်ခဲ့တယ်။ အောင်ပန်းမြို့ကို နောက်ဆုံးသိမ်းခဲ့တယ်။ ဗိုလ်မှူးကြီးဗထူးကို မဟာမိတ်ဒီဝီဇံ တပ်မှူးတိုင်းလိုလို သိကြတယ်။ ချီးကျူးတယ်။ ၄ နံပတ်တပ်မကြီးမှူး ဖြစ်တဲ့ လက်ဖတင်နင်ဂျင်နရယ် မက်ဇာ ဗီက ဗိုလ်မှူးကြီးဗထူးရဲ့ အကြောင်းကို (Despatch) လန်ဒန် ဂေဇက် (ဘိလပ်အစိုးရဂေဇက်) ထဲမှာ ထည့်ပြီး ကြေညာမယ်လို့ ပြောခဲ့တယ်။

ထိုစဉ်က ဗိုလ်မှူးကြီးဗထူးအကြောင်းကို ပြည်တွင်း၌ သိသူ နည်းလှသော်လည်း ကမ္ဘာကို ခါးစောင်းတင်ထားသည့် နိုင်ငံကြီးများ ၏ စစ်တပ်ကြီးများမှ ဗိုလ်ချုပ်ကြီးကပင် အသိအမှတ်ပြု ချီးကျူးခြင်းခံရသော ပုဂ္ဂိုလ်ထူးဖြစ်သည် ကို ယင်းမိန့်ခွန်းကြောင့် သိခဲ့ကြရသည် ။ ဒုတိယအနေ နှင့် မူ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ကွယ် လွန်သူ ဗိုလ်မှူးကြီးဗထူးအတွက် မချိတင်ကဲ ယူကျုံးမရ ဖြစ်နေသည့် ကြားက ရေးသားထားသော ဗိုလ်မှူးကြီးဗထူးအပေါ် ထားရှိသည့် သူ၏ ပုဂ္ဂိုလ်ရေးအမြင်ကိုပါ တွေ့ရမည်ဖြစ်ပါသည် ။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် ဗိုလ်မှူးကြီးဗထူးကွယ်လွန်ပြီးနောက် ခြောက်လခန့်အကြာ ၁၉၄၅ ခု၊ ဒီဇင်ဘာလတွင် ပထမဆုံးထုတ်ဝေသော ဗိုလ်တိုက်စိုးရေး ''ဗမာ့သူရဲကောင်း ဗိုလ်မှူးကြီးဗထူး'' စာအုပ်တွင် ဥယျောဇဉ်ကို ကိုယ်တိုင်ရေးသားခဲ့ပါသည် ။ ဗိုလ်မှူးကြီးဗထူးအကြောင်း မှတ်တမ်းတင်မော်ကွန်းထိုးလောက်

သော မိန့်ဆိုချက်များ ဖြစ်၍ ပြန်လည် တင်ပြအပ်ပါသည် ။

ဗိုလ်ဗထူးသည် နာမည်နှင့် အလိုက် ထူးမည့် သူ ဖြစ်သည် ။ အကယ်၍ ၎င်းသာ ဆက်လက် အသက်ရှင်နေသေးပါမူ ၎င်းအတွက် ရှေ့တက်လမ်း များ စွာ ရှိသည် ဟု ကျွန်ုပ် ယုံကြည်မိသည် ။ သူသည် အကျင့် သိက္ခာရှိ၏။ ဉာဏ်ရှိ၏။ သတ္တိရှိ၏။ ဝီရိယရှိ၏။ သူ့ကို ကောင်းစွာ မြေတောင်မြှောက်ပေးလျှင် သူသည် မြန်မာနိုင်ငံတွင် သာမက ကမ္ဘာတစ်လွှားတွင် ပါ ကျော်ကြားနိုင်သော စစ်ခေါင်းဆောင်၊ စစ်သူရဲဖြစ်နိုင်၏။ သူသည် နိုင်ငံရေးဘက်တွင် များ စွာ အတွေ့အကြုံမရှိသေးလင့်ကစား သူ့တွင် နိုင်ငံရေးသန္ဓေဉာဉ်ရှိ၏ ဟု ကျွန်ုပ်ယူဆသည် ။ အကယ်၍ အခွင့်အရေးကောင်းစွာ ရပါမူ နိုင်ငံရေးတွင် လည်း စွမ်းစွမ်း တမံ ဖြစ်လာနိုင်မည်ဟု ကျွန်ုပ် ထင်၏။ ဤမျှ အလားအလာရှိသော ဗိုလ်ဗထူးသည် ကျွန်ုပ်တို့ နှင့် မရှိတော့ပြီ။

သူသည် ကမ္ဘာအနှံ့အပြားတွင် အရေးလည်း ပါ အရာ လည်း ရောက်လုဆဲဖြစ်သော အလုပ်သမားလူတန်းစားမှ ပေါ် ထွက်လာခဲ့သည် ။ သူသည် သူကဲ့သို့ အခွင့်အရေး မရှိသော အလားအလာရှိသူ အများ အပြား ပေါ်ထွက်စေနိုင်သော လွတ်လပ်ရေးကို အလိုရှိခဲ့သည် ။ ရှိသည့် အတိုင်းလည်း လုပ်ခဲ့၍ စွန့်ခဲ့သည် ။ ဝံ့ခဲ့သည် ။ သို့သော် သူကား ရေတိမ်တွင် နစ်ခဲ့သည် ။ အကယ်၍ သာ သူ့အစွမ်းသတ္တိများကို မဟာမိတ်တပ် များ သည် သေချာစွာ တွေ့ကြုံရပါက အင်္ဂလိပ်စစ်တပ်တွင် သူရသတ္တိအတွက် အမြင့်ဆုံး ဝိတိုရိယကရော့(စ်)ခေါ် ဆုတံဆိပ်ကို ရမည်မှာ မလွဲဟု ထင်မိတော့သည် ။ အမှတ် (၄) အင်္ဂလိပ်တပ်မကြီးမှူး မစ်ဆာဗီ ပြောပြချက်အရ ဆိုလျှင် ဗိုလ်ဗထူး၏ နာမည်ကို လန်ဒန်ဂေဇက်တွင် ချီးကျူးဖော်ပြမည်ဟု ပြောခဲ့သည် ။ ဤမျှ စွန့်စားတိုက်ခိုက်ခဲ့သော ဗိုလ်ဗထူးသည် တိုက်ခိုက်ရာတွင် ဘာမျှမထိခိုက်ဘဲ ၄က်ဖျားရောဂါနှင့် ကျ

ဆုံးရသည် မှာ ရေတိမ်နစ်ခြင်းဖြစ်တော့သည် ။

လွတ်လပ်သော မြန်မာနိုင်ငံကြီးတွင် ဗိုလ်ဗထူးကဲ့သို့ စစ်သူရဲမျိုး ပေါ်ပေါက်ခဲ့မူ ဤကဲ့သို့ ရေတိမ်တွင် သေဆုံးခြင်း ရှိမည်မဟုတ်ပေ။ ဤကဲ့သို့သော ပုဂ္ဂိုလ်မျိုးကို အစွမ်းကုန်တော်သည့် ဆရာဝန်၊ အစွမ်းထက်သည့် ဆေးများ ဖြင့် ကုသပေးပေလိမ့်မည်။

သို့သော် စစ်သူရဲများ နှင့် နိုင်ငံ့သူရဲများ အစရှိသည် တို့ ဆိုင်ရာဆိုင်ရာ အခန်းတွင် အစွမ်းကုန်နိုင်ငံနှင့် အစိုးရ၏ အကူအညီကို ရနိုင်သော လွတ်လပ်ရေးကို မျှော်မှန်းရင်း ဗိုလ်ဗထူး ကျဆုံးခဲ့ရရှာလေသည် ။ ကျန်ရစ်သော ကျွန်ုပ်တို့ မြန်မာနိုင်ငံသူ နိုင်ငံသားတို့ အဖို့ မှာ မူ ဤဗိုလ်ဗထူးနှင့် အလားတူ ပုဂ္ဂိုလ်များ မျှော်မှန်းတောင့်တခဲ့၍ လက်ငင်းအားဖြင့် ကျွန်ုပ်တို့ ၏ နေ့စဉ်နှင့် အမျှ နေထိုင်ရေးကိုပါ မြှင့်တင်ပေးမည့် လွတ်လပ်ရေးကို အရယူခြင်းအားဖြင့်သာ ကျွန်ုပ်တို့ ၏ သူရဲကောင်းများကို ပူဇော် ခြင်းအစစ် မည်ပေလိမ့်မည်။ ဗိုလ်ဗထူးသည် ၎င်းမကွယ်လွန်မီ သူ၏ လက်ရေးဖြင့် အောက်ပါ အစီရင်ခံစာကို ကျွန်ုပ်ထံ ပို့ခဲ့ လေသည် ။

မှ

ဗိုလ်ဗထူး (ဗိုလ်မှူး)

အနောက်မြောက်တိုင်းမှူး

မင်းပလောင်စခန်း၊ ရှမ်းပြည်တောင်ပိုင်းရေငံနယ်

သို့

ဗိုလ်ချုပ်အောင်ဆန်း

ဗိုလ်ချုပ်-စစ်သေနာပတိ

# အစီရင်ခံစာ

ဂျပန်စစ်တပ်နှင့် ဂျပန်အစိုးရတို့ အား တော်လှန်တိုက် ခိုက်ရေးအတွက် သေချာစွာ ပြင်ဆင်ပြီးလျှင် ဗိုလ်ချုပ်ထံမှ အမိန့်နှင့် အချိန်ကောင်းကိုစောင့်ဆိုင်းနေစဉ် အင်္ဂလိပ်တပ်များ မိတ္ထီလာမြို့ကို ကြားဖြတ် ဝင်ထိန်းလိုက်သည် သာမက၊ ၅ - ၃ - ၄၅ နေ့တွင် မန္တလေးမြို့အနီးသို့လည်း ချဉ်းကပ်မိပြီဖြစ်ကြောင်း သတင်းရရှိသဖြင့် ၆ - ၃ - ၄၅ နေ့ ၁၃ နာရီ အချိန်တွင် ဗိုလ်ချုပ်ထံသို့ ၈ - ၃ - ၄၅ နေ့တွင် စတင် တိုက်ခိုက်မည့်အကြောင်းကို အိန္ဒိယပြည် ဝိုင်ယာလက်စခန်းမှ တစ်ဆင့် မန္တ လေး ဝိုင်ယာလက်စခန်းမှ နေပြီး အကြောင်းကြားသည့် အပြင် မြန်မာပြည်အစိုးရဆန့်ကျင်ရေး၊ ဗမာ့တပ်မတော်အား ဆန့်ကျင် ရေး စာတမ်းများ နှင့် တကွ ယခု တိုက်ခိုက်သည့် ဗမာ့တပ်မတော်မှာ လည်း ပြည်သူပြည်သားများ နှင့် ပူးတွဲဖွဲ့စည်းထား သည့် အရပ်သားတပ်မတော် သက်သက် အနေမျိုးအားဖြင့် သဘောပေါက်သော စာတမ်းများကို အောက်မြန်မာပြည်ရှိ တပ် များအားမထိခိုက်စေခြင်းငှာ ကြိုတင်ကာကွယ်သော အားဖြင့် ရိုက်နှိပ်ထားပါသည် ။

၈ - ၃ - ၄၅ နေ့တွင် အင်္ဂလိပ်စစ်တပ်များ မန္တလေး မြို့အနီးက ဆိုင်ရာသို့ဝင်ရောက်သဖြင့် နံနက် ၁၁ နာရီ အချိန် တွင် မန္တလေးရှိတပ်များ ၊ စစ်ကိုင်းတပ်၊ မြစ်ငယ်တပ်များ သည် မိမိတို့ ရွေးချယ်ထားသော နေရာစခန်းများ သို့ ဂျပန်တပ်များကို ကျော်ဖြတ်ကာ ဖောက်ထွက်ကြပြီးလျှင် စတင်တိုက်ခိုက်ကြပါ သည် ။ ၃၀ - ၄ - ၄၅ နေ့အထိ အင်္ဂလိပ်တပ်များ နှင့် အဆက် အသွယ်မရှိကြပါ။ ၁ - ၃ - ၄၅ နေ့တွင် ပျဉ်းမနားရှိ တပ်များ နှင့် ပူးပေါင်းရန်အတွက် ကျောက်ဆည်နယ် ဒွေးလှရွာသို့ တပ်

များကို စုပေါင်းချိန်တွင် အင်္ဂလိပ်တပ်မှ ဆက်သွယ်ရေးအရာရှိ Captain Solly လာရောက် တွေ့ရှိပြီးလျှင် ၎င်းတပ်များ နှင့် ပူးပေါင်းတိုက်ခိုက်ရန်အတွက် ပြောဆိုပြီး လိုအပ်သော အကူအညီကို ပြောပါသည် ။ ကျွန်တော်တို့ မှာ ဂျပန်ကို တိုက်လိုသဖြင့် တိုက်ခိုက်ကြသူများ ဖြစ်သဖြင့် ဘာမျှမလိုသေးကြောင်း၊ ရှိသမျှ လက်နက်များ ဖြင့်ပင် တိုက်ခိုက်မည့် အကြောင်း ပြောလိုက်ပါသည် ။

၎င်းနောက် ၁၈ - ၃ - ၄၅ နေ့တွင် ကျောက်ဆည်မှ တစ်ဆင့် ကျောက်ဆည်အရှေ့ဘက် မြို့ကြီး၊ ရေငံ စသော ရှမ်းပြည်တောင်ပိုင်းနယ်များသို့ စစ်ကြောင်းဖြန့်ကာ တိုက်ခိုက်လာကြရာ ယခုအခါ ကလော၊ အောင်ပန်းအနီး မြင်းကြာဒိုးနယ်တစ်ဝိုက်သို့ ရောက်ရှိနေကြပါပြီ။

အင်္ဂလိပ်တပ်များ နှင့် ဆက်သွယ်မိပြီဆိုရသော်လည်း ၎င်းတို့ ထံမှ ရိက္ခာအနည်းငယ်နှင့် ခဲယမ်းမီးကျောက်များမှ အပ အခြားထိရောက်သော အကူအညီဟူ၍ မရရှိပါသော်လည်း တပ်မတော်ကြီး တည်တံ့မှုနှင့် စည်းရုံးရေးမပျက်ရန် ရည်ရွယ်ချက်ဖြင့်ပင် ဆက်လက်တိုက်ခိုက်နေပါသည် ။ ရှမ်းပြည်ရှိ တောတောင်များကို ကျော်ဖြတ်တိုက်ခိုက်ရာ၌ သယ်ယူပို့ဆောင်ရေးအတွက် လူနှင့် လှည်းကိုသာ အသုံးပြုနေရရာ ယခုအချိန်အခါတွင် လူများမှာ လည်း ပင်ပန်း၊ နွားများမှာ လည်း လယ်အတွက် အသုံးပြုနေရပါသဖြင့် မအားမလပ်သည့် အပြင် ဆိုးဝါးသော ရာသီဥတုကြောင့် အဖျားအနာများ ထူထပ်နေသဖြင့် ရှေ့ဆက် လက်တိုက်ခိုက်ရန်အတွက် ၎င်းတို့ ထံမှ လိုအပ်သောအကူအညီ များ မရရှိခဲ့ပါက မြေပြင်သို့ ဆင်းတော့မည့် အကြောင်းကို အကြောင်းကြားလိုက်ပါပြီ။ ယခုအချိန်အထိ အောက်မြန်မာ ပြည်ရှိ တပ်များ ၏ အခြေအနေကို အင်္ဂလိပ် အမေရိကန်တပ် များ နှင့် ဆက်သွယ်မှုကို အတိအကျမသိရှိရသဖြင့်ရှေ့ဆက်လက် လုပ်ကိုင်ရန် အချက်များ အတွက် အခက်အခဲများ တွေ့

ကာ များ စွာပင် ချိန်ဆနေရပါသည် ။

ယခု တိုက်ခိုက်နေသော နယ်များ ၌ စားရေရိက္ခာ အလွန်ရှားပါးသည့် ပြင် အချို့သော ရွာများမှာ ငတ်၍ ပင် နေပါသဖြင့် ရပ်သူရွာသားတို့၏ အကူအညီကို လိုသလောက် မရရှိ နိုင်သည့် အပြင် ရှေ့ဆက်လက် မှီခိုနိုင်ရန်အတွက်လည်း မျှော် လင့်ချက်မရှိတော့ပါ။ ရန်သူအင်အားမှာ အထူးပင် တောင့်တင်းနေပါသေးသည် ။ တပ်များကို အောက်မြန်မာပြည်ရှိ တပ်များ နှင့် ပူးပေါင်းရန်အတွက် တပ်ခေါက်လာရစဉ်အရေးမှာလည်း ၎င်း တို့ ၏ အင်အားနည်းအောင် ခွဲခြားသည့် စနစ်ကို သုံးမည်မှ အမှန်မလွဲပင် ဖြစ်ပါသည် ။

သို့အတွက် ဗိုလ်ချုပ်ထံမှ ရှေ့အစီအစဉ်နှင့် တကွ ညွှန်ကြားချက်များကို များ စွာ မျှော်လင့်နေပါသည် ။ ယခု တိုက်ခိုက် နေရာ၌ အင်အားမှာ ၃၀၀ ခန့်မျှရှိ၍ ခေါင်းဆောင်သည့် ဗိုလ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် ။

(၁) ဗိုလ်အာဇ္ဇာ၀က (၂) ဗိုလ်ရဲခေါင် (၃) ဗိုလ်ရဲဒင် (၄) ဗိုလ်ကျော်ထွန်းတင် (၅) ဗိုလ်ဗစိန် (၆) ဗိုလ်အောင်ဇင် တို့ နှင့် အချို့သောဗိုလ်ကလေးများ ပါ၀င်ပါသည် အမြောက်ကြီး တပ်ခွဲ (၃)မှူး၊ ဗိုလ်သိန်းဦးမှာ စစ်ကိုင်းတိုက်ပွဲတွင် ကျဆုံးသွား ပြီဖြစ်ပါကြောင်း၊ သိန္နီစက်အမြောက် တပ်ခွဲမှူးဗိုလ်သန်းကြည်မှာ ဒုတ်ထိုးရေ (ရှမ်းပြည်)တိုက်ပွဲတွင် ကျဆုံးသွားပြီ ဖြစ်ပါ ကြောင်း၊ ဆေးဘက်ဌာန၌ ဆေးမှူးကြီး စောနောင်ခန်းနှင့် လက်ထောက်များ လိုက်ပါဆောင်ရွက်နေပါသော်လည်း ဆေးများ မလုံလောက်သဖြင့် အခက်အခဲများ တွေ့ကြုံရပါသည် ။

(ပုံ) ဗထူး

အထက်ပါ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ၏ စ

စ်ပြီးခေတ်လွတ်လပ်ရေးကြိုးပမ်းမှု လူထုအစည်းအဝေးကြီးမှ သမိုင်း ဝ င်မိန့်ခွန်းနှင့် ဗိုလ်မှူးကြီးဗထူးအကြောင်းကိုလည်းကောင်း၊ ဗိုလ်ချုပ် အောင်ဆန်းထံသို့ ဗိုလ်မှူးဗထူးနောက်ဆုံးပေးပို့သော အစီရင်ခံစာ အ ရေး အသားကိုလည်းကောင်း ဆင်ခြင်စေ့ငုကြည့်လျှင် ဗိုလ်မှူးဗထူး၏ နှလုံးရည်၊ လက်ရုံးရည်နှင့် တကွ စစ်ရေးစစ်ရာ ကျွမ်းကျင်လိမ္မာမှု စွမ်း ပကားကိုပါ ထင်ရှားစွာ တွေ့မြင်ရမည် ဖြစ်ပါသည် ။

## ဗိုလ်ချုပ်အောင်ဆန်း၏ ညာလက်ရုံး

ယင်းတို့ ကို အကြောင်းပြု၍ ဗိုလ်မှူးကြီးဗထူးအား ဗိုလ်ချုပ် အောင် ဆန်း၏ ညာလက်ရုံးဟု ဥပစာပြုခေါ်ဝေါ်သုံးနှုန်းခဲ့သည် များကို လည်း တွေ့ရပါသည် ။ ဥပမာ-ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ) အ နောက်မြောက်တိုင်း တိုင်းရုံးအုပ်ကြီး ဗိုလ်တိုက်စိုးက သူ၏ ''မြန်မာ့ သူ ရဲကောင်းဗိုလ်မှူးဗထူး''စာအုပ်နိဒါန်းတွင် -

ဗိုလ်မှူးဗထူးဟာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ညာလက်ရုံး ပဲ၊ တကယ် တည်ကြည်ဖြောင့်မှန်တဲ့ လူတော် တစ်ယောက်ပဲဟု မတွေ့ဖူးမီက ကြား ဖူး၏။ လက်ရုံးရည်သာလော၊ နှလုံးရည်သာ လော၊ အဘက်ဘက် စွယ်စုံ လော၊ စစ်ခေါင်းဆောင်သာလော၊ လူထုခေါင်းဆောင်ရည်ကော၊ အဘ က်ဘက်ပြည့်စုံမှာ ပဲ ထင်ပါ ရဲ့ ဟု အတွေးနှင့် စဉ်းစားမိဖူးသလောက် တကယ်ကိုယ်တွေ့ လုပ်ကိုင်တော့မှ ဩော်-ဒါကြောင့် ညာလက်ရုံးပြုထို က်ပါပေ တကားဟု တွေ့မြင်သိရှိခြင်းဖြင့် မြန်မာသူရဲကောင်း ဘုရင့် နောင်၊ မဟာဗန္ဓုလတို့ နှင့် လည်းကောင်း၊ ကမ္ဘာ့သူရဲကောင်း မာရှယ် တီးတိုး၊ မာရှယ်ဇူးကော့တို့ နှင့် လည်းကောင်း၊ မြန်မာ့စံချိန်၊ ကမ္ဘာ့စံချိန် သူရဲကောင်းခေါင်းဆောင်ဟု ခေါ်ထိုက်သည့် အတိုင်း ဗိုလ်ချုပ်အောင် ဆန်းသည် ဗိုလ်မှူးကြီးဗထူးကျဆုံးခြင်း သတင်း ကို ကြားရလျှင် ကြား

ရခြင်း မျက်ရည်ပေါက်ပေါက်ကျကာ ငိုခဲ့ရသည် အထိ ထိခိုက်ဝမ်းနည်း သွားခဲ့ရသည် ။ သူ့အဖို့ ညာလက်ရုံး မြန်မာ့ သူရဲကောင်း တိုင်းပြည်လက်ရုံးတစ်ခုပြုတ်ကျကျန်ရစ်ခဲ့ပေပြီ။ စသည် ဖြင့် ယူကျုံးမရရေးသားခဲ့ပါသည် ။

ဗိုလ်မှူးဗထူးပြောကြားသော မိန့်ခွန်းများ ၊ ထုတ်ပြန်ကြေညာ ချက် အရေးအသားများကလည်း စစ်ရေးတွင် သာမက သူ၏ နိုင်ငံရေး အတွေးအခေါ် အယူအဆများ သည် အဆင့်မြင့်မားပြီး မြန်မာအမျိုးသား ခေါင်းဆောင်ကြီး၏ ညာလက်ရုံးဟူသော ဂုဏ်ပုဒ်နှင့် ထိုက်တန်သူ ဖြစ်ကြောင်း အခိုင်အမာ သက်သေခံနေပါသည် ။

ရန်ကုန်မြို့တွင် အဓိကရ ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီး၊ ဗိုလ် ချုပ်အောင်ဆန်းအားကစားကွင်းနှင့် ဗိုလ်ချုပ်အောင်ဆန်းဈေးကြီး၊ မန္တလေးမြို့တွင် ဗိုလ်မှူးဗထူးလမ်းနှင့် ဗိုလ်မှူးဗထူးအားကစားကွင်း၊ ရှမ်းပြည်နယ်ရပ်စောက်တွင် ဗထူးတပ်မြို့၊ ရန်ကုန်တွင် ပထမဆုံး အောင်ဆန်းမြို့နှင့် ယခုဒဂုန်မြို့သစ်မြောက်ပိုင်း၌ ဗိုလ်ဗထူးလမ်းမကြီး၊ နောက် ဗိုလ်မှူးဗထူးတန်ဖိုးမျှအိမ်ရာ၊ ဗိုလ်မှူးဗထူးဈေး၊ ၂၀၁၆ မတ်လ ၃၀ ရက် နေ့တွင် ဖွင့်သော ဗိုလ်မှူးဗထူးတံတားသစ်ကြီးစသည် တို့ သည် လည်း ကောင်း---

ထားဝယ်မြို့တွင် ဗိုလ်ချုပ်အောင်ဆန်းလမ်း (ယခင်ဝိတိုရိယ လမ်း) နှင့် ဗိုလ်ဗထူးလမ်း၊ ဗိုလ်ချုပ်အောင်ဆန်းမြင်းစီးရုပ်တု၊ လောင်းလုံး မြို့တွင် ဗိုလ်မှူးကြီးဗထူး၏ ရုပ်တုတို့ သည် လည်းကောင်း---

ဗိုလ်မှူးကြီးဗထူးသည် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ် အောင်ဆန်း၏ ညာလက်ရုံး (အထူးတလည်အားကိုးရသူ) အမှန်စင်စစ် ဖြစ်သည် ကို သက်သေထူ မော်ကွန်းတင်ထားခြင်းဖြစ်သည် ဟု ယူသော် ရ

နိုင်ကောင်းအံ့ထင်ပါသည် ။ ဗိုလ်မှူးကြီးဗထူးသည် ဗိုလ်ချုပ်အောင်ဆန်း ၏ ညာလက်ရုံး ဖြစ်ရခြင်းအကြောင်းရင်းပေါင်း မြောက်မြားစွာရှိသည့် အနက် အချို့ကို ရွေးနုတ်တင်ပြရမည်ဆိုလျှင် -

*